ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စာအမှတ်၊ ၀၁/၀၁/သာသန(ဦးစီး-စာ)၀၃-၁၆(၀၉၉၁)
ရက်စွဲ၊ ၂ ၀ ၂ ၃ ခုနှစ်၊ ဇွန် လ ၃ ရက်

## ၂၀၂၃ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကြေညာချက်

၁။ ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက် (၂၈-၃-၂၀၂၃)၊ အင်္ဂါနေ့မှ ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူး လဆန်း(၁၄)ရက် (၃-၄-၂၀၂၃)၊ တနင်္လာနေ့အထိ တစ်နိုင်ငံလုံးရှိ ပါဠိပထမပြန် စာဖြေဌာန (၂၂၉)ဌာန တို့၌ ပါဠိပထမပြန်စာမေးပွဲကို တစ်ပြိုင်တည်း ကျင်းပခဲ့ပါသည်။

၂။ စာမေးပွဲအောင်စာရင်းအပြည့်အစုံကို ပူးတွဲဖော်ပြကြေညာအပ်ပါသည်။

၃။ အတန်းအသီးသီးတွင် ဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား အတန်းအလိုက် စာအောင်ဆုနှင့် ကျမ်းစာအုပ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနက ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

၄။ ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်းတို့တွင် အတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမ (အထူးအောင်)ပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် လှူဒါန်းပူဇော်ဖွယ် များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

အမိန့်အရ

မျိုးညွန့်အောင်
ညွှန်ကြားရေးမှူးချုပ်